
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
လေလွင့်လိပ်ပြာ

# အောင်မြတ်သာနှင့်လေလွင့်လိပ်ပြာ

မိုးအကုန် ဆောင်းအကူး ရာသီဖြစ်လို့ အေးမြလတ်ဆတ်တဲ့ လေအေးတွေက နေရာပေါင်းစုံကနေ တိုက်ခတ်နေတဲ့ တောလမ်းလေး တစ်ခုပေါ်မှာ မနှေးလွန်း မမြန်လွန်းတဲ့ ခြေလှမ်းတွေနဲ့ အတူ အောင်မြတ်သာတို့ ဆရာတပည့်တွေ လျှောက်လှမ်းလာခဲ့တယ်။

မြေနီတွေဖုံးလွှမ်းနေတဲ့ တောလမ်းလေးက ကျစ်လစ်မာကျော နေတာကိုကြည့်ပြီး လူသွားလူလာများ တဲ့ လမ်းတစ်ခုဖြစ်လိမ့်မယ် ဆိုတာကို အောင်မြတ်သာတို့ သဘောပေါက်ခဲ့ကြတယ်။

ဖြောင့်ဖြူးနေတဲ့ မြေနီလမ်းအတိုင်း လျှောက်လာခဲ့တာ ထမင်းအိုးတစ်လုံး ကျက်ခန့်ကြာတော့ မီးခိုးတွေတလူလူ ထွက်နေတဲ့ လူနေရွာလေးတစ်ရွာကို အဝေးကနေ လှမ်းမြင်လိုက်ရတယ်။

အောင်မြတ်သာက ရွာလေးကိုမြင်တာနဲ့ ...

"သက်ခိုင် မင်းနဲ့ ငါ့အတွက် အလုပ်တစ်ခုက စောင့်ကြိုနေပြီ"

ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်တဲ့ အောင်မြတ်သာ စကားကြောင့် သက်ခိုင်က လွယ်ထားတဲ့ လွယ်အိတ်ကြိုးကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး ...

"အကောင်းလား အဆိုးလား ဆရာ"

"အကောင်းရော အဆိုးရော ဒွန်တွဲနေတယ် ကံကောင်းရင် လူတစ်

ယောက် ပြန်ရှင်လာလိမ့်မယ် ကံမကောင်းရင် လူတစ်ယောက် သေတာနဲ့ မခြား ဖြစ်လိမ့်မယ်"

အောင်မြတ်သာ စကားကြောင့် သက်ခိုင် ဘာမှ ဆက်မပြောတော့ပဲ ကြုံလာနိုင်တဲ့ အခြေအနေတွေကို တွေးရင်း မီးခိုးတလူလူ ထွက်နေတဲ့ ရွာရှိရာကို လျှောက်လာခဲ့လိုက်တယ်။

ရွာအဝင်ဝကို ရောက်တော့ ရွာထဲကနေ လွယ်အိတ်တစ်လုံးကို လွယ်ကာ ထွက်လာတဲ့ လူကြီးတစ်ယောက်ကို မြင်လိုက်ရတယ်။ အဲဒီလူက အောင်မြတ်သာတို့ ကို မြင်တော့ ...

"ညီနောင်တို့ သင်တို့ ကလည်း ပယောဂကုတဲ့ ဆရာတွေပဲလား"

အောင်မြတ်သာက ဘာမှ မပြောဘဲ ပါးချိုင့်လေးပေါ်အောင် ပြုံးပြလိုက်တယ်။

"ဒါဆိုရင် ဒီလူနာ သတိပြန်ရအောင် ကြိုးစားကြည့်ကြပေါ့ကွာ ကျုပ်တောင် လက်လျှော့ပြီး ပြန်လာရတယ် လူနာသတိပြန်ရအောင် လုပ်ပေးရင် ပေးမဲ့ငွေကြေးကလည်း မနည်းဘူးဆိုတော့ အနယ်နယ်အရပ်ရပ်က ပယောဂကုဆရာတွေ လာကြတာတော့ မဆန်းပါဘူး"

ပယောဂဆရာက တစ်ယောက်တည်းပြောပြီး ခပ်သုတ်သုတ် ပြန်ထွက်သွားတယ်။

သက်ခိုင်က ကျောပေးထွက်သွားတဲ့ ပယောဂဆရာကို သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး ...

"ပညာကို ရောင်းစားကြတဲ့ သူတွေပါလား"လို့ ရေရွတ်လိုက်တယ်။

အောင်မြတ်သာကတော့ ဘာမှ မပြောဘဲ လက်ကလေး နောက်ပစ်ကာ ရွာထဲကို ဝင်လာခဲ့လိုက်တယ်။ ရွာလမ်းတစ်လျှောက်မှာ ရှိနေတဲ့

လူတွေက အောင်မြတ်သာတို့ ကို ကြည့်ပြီး ...

"ဒီတစ်ခါ ဆေးလာကုတဲ့ ဆရာတွေက ငယ်ငယ်လေးတွေ ပညာက ရောစွမ်းပါ့မလား"

"ပညာဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူးဟဲ့ အရှေ့က ဆရာတွေကို ပဲကြည့် ဘယ်သူမှ ကုနိုင်သေးတာ မဟုတ်ဘူး ဒီဆရာလေးတွေ ဘယ်လိုကုမလဲ ကြည့်ချင်သေးတယ်"

အောင်မြတ်သာနဲ့ သက်ခိုင်က ရွာထဲကလူတွေ ပြောတာကို မကြား ချင်ယောင် ဆောင်ပြီး ဆက်လျှောက်ခဲ့ရာ သိပ်မကြာခင် လူတွေစုံပြုံနေ တဲ့ ခြံဝင်းကျယ်ကျယ်နဲ့ အိမ်တစ်အိမ်ကို တွေ့လိုက်ရတယ်။

စုပြုံတိုးဝှေ့ ကြည့်နေတဲ့ လူတွေက အောင်မြတ်သာတို့ ကို မြင်တော့ ဘေးကို ဖယ်ပေးလိုက်ကြပြီး ...

"ဆရာလေးတို့ က လူနာလာကြည့် ပေးတာလား"

အောင်မြတ်သာက ခေါင်းလေး ဆတ်ပြရုံ ပြလိုက်တော့ ...

"ဒါဆို ဒီမှာ ခဏထိုင်ပါဦး အပေါ်မှာ ဆရာတစ်ယောက် ကုနေသေး တယ်"

ခြံဝင်းထဲကလူက ပြောပြောဆိုဆိုနဲ့ ထန်းလျက်နဲ့ လုပ်ထားတဲ့ ထိုင် ခုံနှစ်လုံးကို လာချပေးတယ်။ အောင်မြတ်သာတို့ လည်း ခုံကိုခြံဝင်းထဲ က သရက်ပင် ရိပ်အောက်မှာ နေရာချလိုက်ပြီး ...

"လူနာက ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

အောင်မြတ်သာ စကားကြောင့် ခုံယူလာပေးတဲ့ လူက သရက်ပင် ဘေးမှာ ရှိတဲ့ သစ်ငုတ်တိုပေါ် ထိုင်လိုက်ပြီး ...

"လူနာက အသက်၂၀လောက်ပဲ ရှိသေးတယ် ကျုပ်ရဲ့ တူပေါ့ဗျာ ဒီကောင်လေးက ဂမ္ဘီရလိုင်းတွေ လိုက်စားတယ် အသက်၁၆နှစ်လောက်မှာ တော်ရုံတန်ရုံ ပယောဂလောက်ကို ကုတတ်နေပြီ သူ့ကိုသင်ပေးတဲ့ ဆရာက အရင်ကဒီရွာကပဲ သူ့အသက် ၁၇နှစ်လောက်မှာ ဆရာကြီးက ဆုံးသွားတယ် အဲဒီမှာ သူ့ပညာလည်း တစ်ဝက်တစ်ပျက်နဲ့ ဖြစ်နေခဲ့တယ် မိဘတွေက ပိုက်ဆံချမ်းသာတော့ သားဖြစ်သူ လုပ်သမျှကို အနောက်ကနေ အကုန်ပံ့ပိုးပေးခဲ့တယ် တစ်ရက်မှာ တော့ ဒီကောင် ရွာကနေ ပျောက်သွားတာ နှစ်နှစ်လောက်နေမှ ပြန်ရောက်လာတယ် ဘယ်သွားတာလဲ မေးတော့ ပညာလိုက်ရှာတယ်လို့ ပြောတယ် ပြန်ရောက်တဲ့အချိန်ကစပြီး ထမင်းစားချိန်၊ အိပ်ချိန်နဲ့ အပေါ့အပါး သွားချိန်လောက်သာ ထပြီး ကျန်တဲ့ အချိန်တွေ ဆိုရင် ဖယောင်တိုင်ကို မီးထွန်းပြီး ထိုင်ကြည့်နေတာ သူအိပ်ရင်လည်း ခဏပဲ သူ့ကိုမေးတော့ ကျင့်စဉ်တစ်ခုကို ကျင့်နေတာလို့ ပြောတယ် ဒီကျင့်စဉ် အောင်မြင်ရင် သူ့ရည်မှန်းချက် ပြည့်ပြီလို့ လည်း ပြောတယ် တစ်ညမှာ တော့ အိပ်ပျော်သွားရာကနေ ပြန်မနိုးတော့တာ အခုထိပဲ"

"ဘယ်လို ပြန်မနိုးတာလဲ ရောဂါတစ်ခုခုကြောင့် သတိမေ့သွားတာလား"

"အဲဒီလိုလည်းမဟုတ်ဘူး ဆေးပညာ တတ်ကျွမ်းတဲ့ သူတွေကိုလည်း ခေါ်ပြပြီးပြီ သူ့မှာ ဘာချို့ယွင်းချက်မှ မရှိဘူးလို့ ပြောတယ် ဒီတိုင်း သတိကို ပြန်မလည်တော့တာ မိဘတွေက တစ်ဦးတည်းသောသား ဆိုတော့ ကုနိုင်တဲ့ သူကို ရွှေတစ်ဆယ်သား ပေးမယ်လို့ ကြေညာခဲ့တယ် အဲဒီအချိန်ကနေစပြီး အိမ်မှာ ပယောဂဆရာတွေ မပြတ်တာ အခုထိပဲ ဒါပေမဲ့ တစ်ယောက်မှ မကုနိုင်သေးဘူး"

"ဒါဖြင့် ကျုပ်တို့ ကြည့်ပါရစေ အခကြေးငွေလည်း မယူပါဘူး လူနာက နည်းနည်း ထူးဆန်းနေတော့ ပညာရတာပေါ့ဗျာ"

အောင်မြတ်သာ စကားအဆုံးမှာ အိမ်ပေါ်ကနေ လွယ်အိတ်တစ်လုံး ပိုက်ကာ ဆင်းလာတဲ့ ဆရာတစ်ယောက်ကို တွေ့လိုက်ရတယ်။ အိမ်ပေါ်က ဆင်းလာတဲ့ ဆရာက အောင်မြတ်သာကို မြင်တော့ အနားလာကပ်ပြီး ...

"အခုလူနာက ပယောဂ မဟုတ်ဘူး ကျင့်စဉ်တစ်ခုကို ကျင့်ရင်း စည်းပျက်သွားတာလို့ ထင်တယ်"

"ဘာကြောင့် အခုလို အတပ်ပြောနိုင်ရတာလဲ ဆရာ"

"ကျုပ်ကုတဲ့ လူနာက ပယောဂမှန်ရင် ရေစင် တစ်ချက်တောက်လိုက်ရုံနဲ့ ရှောင်ပုန်းမရဘူး အခုက အတတ်ဆန်းရင်း ဖြစ်သွားတာ အဲဒီအပိုင်းကျတော့ ကျုပ်လည်း မကုနိုင်ဘူး ဒါကြောင့် လူငယ်တို့ ကြိုတင်သုံးသပ်လို့ ရအောင် အကြံပေးတာပါ ကျုပ်ကိုခွင့်ပြုပါဦး"

အောင်မြတ်သာက လွယ်အိတ်ကိုပိုက်ပြီး ထွက်သွားတဲ့ လူရဲ့ နောက်ကျောကိုကြည့်ပြီး ...

"တည်ကြည် ဖြောင့်မတ်ပါပေတယ် ဒါကြောင့်လည်း ရေစင်တစ်စက် ဆရာသက်ဆိုပြီး နာမည်ရနေတာကိုး" လို့ ရေရွတ်တာကို ကြားတော့ သက်ခိုင်က ...

"ဆရာ သူ့ကိုသိလို့ လား"

"အင်း သိတယ်ပဲ ဆိုပါတော့ သူက ဘာဂိုဏ်းဝင်မှ မဟုတ်ဘူး သူ့ရဲ့ သစ္စာသမာဓိ သိက္ခာနဲ့ ပဲ ကုတာ"

"ဘယ်လိုလဲ ဆရာ ကျွန်တော်နားမလည်ဘူး"

"ဆရာသက်ရဲ့ ကုထုံးက လွယ်တယ် ဒါပေမဲ့ တော်ရုံလူကုမရဘူး သူ လူနာစကုတော့မယ် ဆိုရင် သူကျင့်ကြံခဲ့တဲ့ သီလသမာဓိသစ္စာကို အရင်ဆုံး တိုင်တည်တယ် ပြီးရင် သူ့ကို ရက္ခစိုးတစ်ပါး ပေးထားတဲ့ သစ်ကနက်ခွက်ထဲကို ရေထည့်တယ် အဲဒီရေထဲကို လက်ညှိုးနှစ်ပြီးတာနဲ့ သစ္စာဆိုတယ် သူဆိုတဲ့ သစ္စာအစွမ်းကြောင့် မကောင်းမှုပြုတဲ့ သူ ဘယ်သူမဆိုမနေရဲပဲ သူ့အရှေ့ ရောက်လာရတယ် သူမေးလို့ အမှန်မဖြေရင်လည်း ခွက်ထဲကရေနဲ့ ပဲ တောက်တယ် ဒါပေမဲ့ သူ့ရေစင်ထိတဲ့ သူက မဟာအဝီစိငရဲက မီးနဲ့ ထိသလို ခံစားရတယ် သူ့လိုလူတောင် မကုနိုင်ဘူးဆိုတော့ ပယောဂမဟုတ်တာတော့ သေချာတယ် တက်ကြည့်ကြရအောင်"

(စကားချပ် ရေစင်တစ်စက် ဆရာသက် အကြောင်းကို ဝတ္ထုအနေနဲ့ ရေးသွားဖို့ ရှိပါတယ် ဆက်လက် စောင့်မျှော်ပေးပါ)

အောင်မြတ်သာတို့ အိပ်ပေါ်တက်ကြည့်တော့ ဘုရားကျောင်းဆောင်ရှေ့မှာ ရင်ဘတ်ပေါ် လက်တင်ပြီး သတိမေ့နေတဲ့ လူငယ်တစ်ယောက်ကို မြင်လိုက်ရတယ်။ ဘေးမှာ တော့ မိဘနှစ်ပါး ဖြစ်ဟန်တူတဲ့ လူနှစ်ယောက်က ညှိုးငယ်တဲ့ မျက်နှာနဲ့ ထိုင်နေကြတယ်။

"ဆရာလေးတို့ သားလေးကို ကယ်ပါဦး ဆရာတွေ အကုန်လုံးက လက်လျှော့ကုန်ပြီ ကျွန်မသားလေးကို တတ်နိုင်သလောက် ကယ်တင်ပေးပါ"

"စိတ်ကိုလျှော့ထားပါ ဒေါ်လေး ကျုပ်တို့ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ် ဖြစ်နိုင်ရင် အောက်ခဏ ဆင်းပေးပါလား ကျုပ်တို့ ခေါ်မှ ပြန်တက်လာပေးပါ"

အောင်မြတ်သာ စကားကြောင့် အိမ်ပေါ်မှာ ရှိနေတဲ့ သူတွေအားလုံး

အိမ်အောက်ကို ဆင်းသွားကြတယ်။

လူတွေအားလုံး ဆင်းသွားတော့ အောင်မြတ်သာက ဘုရားရှိခိုး လိုက်ပြီး ...